# သင်ခန်းစာ (၉) ကျရာနေရာ တာဝန်ကျေပါ

ရပ်ကွက်ကျေးရွာအတွင်း မိမိအခန်းကဏ္ဍနှင့် တာဝန်ကိုသိနားလည်ရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- သင်သည်အိမ်တွင် မည်သည့်တာဝန်များ လုပ်ဆောင်ရန်ရှိပါသနည်း။
- သင်သည်အတန်းထဲတွင် မည်သည့် တာဝန်များကို ထမ်းဆောင်ရန် ရှိပါသနည်း။
- အသင်းခေါင်းဆောင်တစ်ဦးအနေဖြင့် သင်သည်ကျောင်းတွင်မည်သည့် တာဝန်များကို ထမ်းဆောင်ရန် ရှိပါသနည်း။






## တာဝန်ကျေပွန်သော ယာဉ်မောင်း



ယာဉ်မောင်း ဦးချမ်းအေးသည် ရွာနှင့် မြို့ကို လိုင်းကားပြေးဆွဲနေသူ တစ်ဦး ဖြစ်သည်။ ခရီးသည်များ စိတ်ချမ်းသာစေရန် ကားကို အမြဲသန့်ရှင်းရေး လုပ်သည်။ စက်ပစ္စည်း ချွတ်ယွင်းမှု မရှိစေရန် ကြိုတင် ပြင်ဆင်မှုများ အမြဲပြုလုပ် လေ့ရှိသည်။ ကားပေါ်တွင် လိုက်ပါလာသော ကျောင်းသား ကျောင်းသူများ၊ သံဃာတော်များနှင့် သက်ကြီးရွယ်အိုများကို ယာဉ်စီးခမယူဘဲ အခမဲ့လိုက်ပါစေသည်။

“ခရီးသည်များအားလုံး စိတ်ချမ်းသာပြီး လိုရာခရီးကို အဆင်ပြေပြေ လုံခြုံစွာရောက်ရှိဖို့ တို့တာဝန်ဖြစ်တယ်၊ ဒါကြောင့် ခရီးသည်တွေအပေါ် စိတ်ရှည်ပါ၊ သူတို့ ပစ္စည်းတွေပါရင် ကူညီပြီး တင်ချပေးပါ၊ ပြုံးပြုံးရွှင်ရွှင် ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ” ဟု သူ၏ယာဉ်အကူကို ဆုံးမလေ့ရှိသည်။ ထိုသို့ခရီးသည်များကို ပြုံးရွှင်စွာဆက်ဆံပြီး စိတ်ရှည်စွာ ဝန်ဆောင်မှုပေးနေသော ဦးချမ်းအေး၏ကားကို ခရီးသည်များက အားကိုး၍ စီးနင်းကြပါသည်။

## တောင်သူကြီး၏ ခံယူချက်



ညောင်ပင်သာရွာခြံစိုက်တောင်သူများ အနက် ဒေါ်မြင့်မြင့်သည်ဘူးသီး၊ ခရမ်းသီး၊ ခဝဲသီး၊ သခွားသီး၊ ဂေါ်ဖီ နှင့်ဆလတ်ပင်တို့ကိုစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်း ပြုနေသော တောင်သူ တစ်ဦး ဖြစ်သည်။ သူ၏ခြံထွက်သီးနှံများကို စားသုံးနေသူများ ဘေးကင်းစေရန် ဘဲချေး၊ နွားချေးနှင့် မြေဆွေးစသော သဘာဝမြေဩဇာ ကိုသာ အသုံးပြုသည်။ ထို့ကြောင့်ဒေါ်မြင့်မြင့်၏ ခြံမှထွက်သော ဟင်းသီးဟင်းရွက်များကို လူအများက စိတ်ချမ်းသာစွာ ဝယ်ယူစားသုံးကြသည်။ မိမိတို့၏ခြံထွက်သီးနှံများကို စားသုံးခြင်းဖြင့် စားသုံးသူများ စိတ်ချမ်းသာမှုဖြစ်ခြင်း၊ အာဟာရ ဖြစ်၍ ကျန်းမာရေးကို အထောက်အကူဖြစ်ခြင်းနှင့် ဘေးအန္တရာယ် ကင်းရှင်းခြင်းသည် ခြံစိုက် တောင်သူများ၏တာဝန်ဝတ္တရားဖြစ်သည်ဟု ခံယူထားသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် အခြား ခြံစိုက်တောင်သူများကိုလည်း မိမိကဲ့သို့လုပ်ဆောင်ရန် တိုက်တွန်းတတ်ပြီး အကူအညီပေး တတ်သူတစ်ဦးဖြစ်သည်။ ယခုအခါတွင် ညောင်ပင်သာရွာရှိ တောင်သူအများစုမှာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးသည် ၎င်းတို့၏တာဝန်ဖြစ်သည်ဟု ခံယူလာကြပြီဖြစ်ပါသည်။



DBE Box

# အခန်း(၉)

ရပ်ကွက်ကျေးရွာနေသူများထံမှသူတို့၏အခန်းကဏ္ဍနှင့် တာဝန်များကို လေ့လာကြရပါမည်။

လမ်းထိပ်တွင် နံနက်ခင်းစာအတွက် မုန့်ဟင်းခါးရောင်းသော ဒေါ်လှ၏ ပြောပြချက်။



“ရပ်ကွက်နေ ပြည်သူတွေ မြန်မာ့ အစားအစာ မုန့်ဟင်းခါးကို အရသာရှိရှိ၊ သန့်သန့်ရှင်းရှင်း စားသုံးနိုင်ဖို့ ရောင်းချပေးပါတယ်။ ကျောင်းသားကျောင်းသူတွေ ရုံးဝန်ထမ်းတွေ၊ ဆင်းရဲချမ်းသာ မရွေး ရပ်ကွက်နေပြည်သူတွေ အဆင်ပြေပြေ စိတ်ချမ်းသာစွာ စားသုံးနိုင်ဖို့ ဝန်ဆောင်ပေးရမှာက ကျွန်မရဲ့ တာဝန် ဖြစ်တယ်လို့ ခံယူထားပါတယ်။”

မိမိပတ်ဝန်းကျင်ရှိ တာဝန်ကျေပွန်သူများထံမှ မည်သို့တာဝန်ကျေပွန်စွာ လုပ်ဆောင်သည်ကို လေ့လာကြပါမည်။

ထိုသူတို့ထံမှ သင်ယူရရှိခဲ့သည်များကို ရေးရပါမည်။

| **အမည်** | **တာဝန်** | **သင်ယူရရှိသည့်အချက်များ** |
|---|---|---|
| ဦးချမ်းအေး | | |
| ဒေါ်မြင့်မြင့် | | |
| ဒေါ်လှ | | |

DBE BOX

အတန်းသားအားလုံးသည် ကျောင်းစုံညီပွဲတော်တွင် ပါဝင်လုပ်ဆောင်ကြမည့် အခန်းကဏ္ဍနှင့်တာဝန်များကို အားလုံးသဘောတူညီမှုဖြင့် သတ်မှတ်ရန် စာသင်ခန်းတွင်း ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြပါ။




**မေးခွန်း**

၁။ သင့်အိမ်နီးချင်းများကို မည်သည့်တာဝန်များ လုပ်ဆောင်ပေးသင့်ပါသနည်း။

၂။ သင့်ရပ်ကွက်၊ ကျေးရွာတွင် တာဝန်ကျေပွန်သူတစ်ဦးအဖြစ် သင်မည်သို့ လုပ်ဆောင်မည်နည်း။

၃။ သင့်ပတ်ဝန်းကျင်ရှိ တာဝန်ကျေပွန်သူတစ်ဦးအကြောင်းကို ပြောပြပါ။ အဘယ်ကြောင့် တာဝန်ကျေပွန်သူဖြစ်ကြောင်း ရှင်းပြပါ။



# သင်ခန်းစာ (၁၀) ကျွန်ုပ်တို့၏အခွင့်အရေး


ကလေးသူငယ်များ၏ အခွင့်အရေးများအကြောင်းကို သိနားလည်ပြီး ဘဝအတွက်လိုအပ်သည်များကို ရွေးချယ်ကျင့်သုံးတတ်ရန် ဤသင်ခန်းစာကိုလေ့လာကြမည်။



- ➢ အခွင့်အရေးဟူသော စကားရပ်ကို သင် မည်သို့နားလည်ပါသနည်း။
- ➢ သင်တို့တွင် မည်သို့သောအခွင့်အရေးများရှိသည်ဟု ထင်ပါသနည်း။
- ➢ မည်သို့သော တာဝန်များရှိမည်နည်း။

အောက်ပါရုပ်ပုံများကိုလေ့လာပါ။ မည်သည့်အခွင့်အရေးများ ရရှိနေသည်ဟု ထင်ပါသနည်း။


ပုံ-၁



ပုံ-၂



ပုံ-၃



ပုံ-၄



# မှတ်သားသင့်သောအခွင့်အရေးများ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင်ပါရှိသည့် အောက်ပါအခွင့်အရေးများကို ကလေးတိုင်းရရှိစေရန် ပြဋ္ဌာန်းထားပါသည်။

## ရှင်သန်ခွင့်



အာဟာရပြည့်ဝသော အစားအစာများ စားသုံးနိုင်ခြင်း၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးကုသနိုင်ခြင်း၊

## ဖွံ့ဖြိုးခွင့်



စာပေပညာ သင်ကြားနိုင်ခွင့်၊ လုံလောက်သော လူနေမှုအဆင့်အတန်း၊ ကစားခွင့်၊ အနားယူ အပန်းဖြေခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊

## ကာကွယ်ခွင့်



ခွဲခြားဆက်ဆံခြင်း၊ လွဲမှားစွာ ပြုမူဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့်ညှင်းပန်းနှိပ်စက်ခံရမှုမှ အကာအကွယ်ရရှိခြင်း၊

## ပါဝင်ခွင့်




ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်သော ကိစ္စရပ်များအားလုံးတွင် ပါဝင်လုပ်ဆောင်ခွင့်ရှိခြင်းနှင့် ကလေးများ၏ အမြင်ကို ဖွင့်ဟပြောဆိုခွင့် ရရှိခြင်း၊

## အခန်း(၁၀)

သင့်အတွက် အရေးကြီးသည်ဟုထင်သော ရုပ်ပုံများကိုရွေးချယ်ပါ။ အရေးကြီးဆုံး ရုပ်ပုံ ၈ပုံကိုထပ်မံရွေးချယ်ပါ။ အဘယ်ကြောင့် အရေးကြီးသည်ဟု ထင်ပါသနည်း။

| | | | |
|---|---|---|---|
|  |  |  |  |
| အစားအစာ | သန့်ရှင်းသောရေ | အိမ် | အပိုသုံးရန်ငွေကြေး |
|  |  |  |  |
| လှပသော အဝတ်အစားများ | ကွန်ပျူတာ | ဂရုစိုက်မှု | ဆေးကုသမှု |
|  |  |  |  |
| သန့်ရှင်းသောလေ | ကိုယ်ပိုင်အိပ်ရာ | ကာကွယ် စောင့်ရှောက်ခြင်း | အသုံးအဆောင် |
|  |  |  |  |
| အသိပညာ၊ အတတ်ပညာ | ပူးပေါင်းလုပ်ဆောင်ခြင်း | အသိအမှတ်ပြုခြင်း | မိသားစု |

သင်ရွေးချယ်ထားသော ရုပ်ပုံကတ်ပြားများကို မည်သည့်အခွင့်အရေးတွင်ပါဝင်ကြောင်း ဆွေးနွေး ဖော်ထုတ်ပါ။



အောက်ပါဇယားကို အုပ်စုလိုက်ဆွေးနွေးပါ။ မည်သည့်အခွင့်အရေးများရရှိသင့်ပြီး မည်သည့် တာဝန်များကို ပြန်လည် ဖြည့်ဆည်းပေးရမည်နည်း။

| စဉ် | နေရာ | ရရှိသင့်သောအခွင့်အရေး | ပြုလုပ်ရမည့်တာဝန် |
|---|---|---|---|
| ၁ | အိမ် | | |
| | | | |
| ၂ | ကျောင်း | | |
| | | | |
| ၃ | ရပ်ရွာ | | |
| | | | |

**မေးခွန်း**

၁။ အခွင့်အရေးဟူသော စကားရပ်၏အဓိပ္ပာယ်ကို ဖော်ပြပါ။
၂။ ကလေးများအတွက် မည်သည့်အရာများက အရေးကြီးပါသနည်း။
၃။ ကလေးများတွင် မည်သည့်အခွင့်အရေးများ ရှိပါသနည်း။
၄။ ကလေးများတွင် မည်သည့်တာဝန်များ ရှိပါသနည်း။



DBE BOX

# သင်ခန်းစာ (၁၁) ကိုယ်တိုင်ကြံဆ လုပ်ဆောင်မှု

မိမိကိုယ်ကို အားကိုးတတ်သူတစ်ယောက်ဖြစ်လာရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- ကလေးများ ကျောင်းကို မည်သို့လာကြသနည်း။
- ကျောင်းလာသောအခါ မည်သည့်အရာများယူဆောင်လာကြသနည်း။
- ကိုယ်ကိုယ်တိုင် ယူဆောင်လာခြင်းသည် ကိုယ့်အားကိုယ်ကိုးခြင်း ဖြစ်သလား။ အဘယ်ကြောင့်နည်း။

ပေးထားသောရုပ်ပုံများကိုလေ့လာပြီး ထိုကဲ့သို့သောအလုပ်များကို သင်ကိုယ်တိုင်ဆိုလျှင် မည်သို့လုပ်မည်နည်း။

ပုံ-၁



ပုံ-၂



ပုံ-၃



ပုံ-၄



DL BOX

# မိမိကိုယ်သာ အားကိုးပါ



ကျွန်တော်၏အမည်မှာ မောင်နီဖြစ်ပါသည်။ ကျွန်တော့်မှာ မပျော်ရွှင်သော အချိန်များရှိခဲ့ပါသည်။ မိမိပြုလုပ်လိုသည့်ကိစ္စများကို ကိုယ့်အားကိုယ်ကိုး၍ ပြီးမြောက်အောင် မဆောင်ရွက်နိုင်သောအခါ ကျွန်တော် မပျော်ရွှင်ပါ။ ထိုအခါတွင် ကျွန်တော်သည် မရမနေ ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချမိပါသည်။



အခက်အခဲများကို ကြိုးစားဖြေရှင်းရန် လိုအပ်သည့်အခါတိုင်း ကျွန်တော်သည် စာအုပ်များကို ရှာဖွေဖတ်ရှုလေ့ရှိပါသည်။ စာဖတ်ခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်သည့် နည်းလမ်းကောင်းများနှင့် ပုံပြင်ဇာတ်လမ်းဖြစ်ရပ်များမှ နမူနာကောင်းများကို ဖတ်ရှုမှတ်သားရပါသည်။



တစ်နေ့တွင် သူငယ်ချင်းဇော်မျိုးက "ငါ့မှာစာမလိုက်နိုင်တဲ့ အခက်အခဲတွေရှိနေတယ်၊ ဘယ်သူ့ကို အကူအညီတောင်းရမလဲ"ဟု မေးပါသည်။ ကျွန်တော်က ကိုယ့်အားကိုယ်ကိုး ၍သာ ကြိုးစားသင့်ကြောင်း၊ စာအုပ်စာပေများကိုလည်း လေ့လာသင့်ကြောင်း ပြောပြပါသည်။




နောက်တစ်ပတ်တွင် ကျွန်တော်သည် ဇော်မျိုး၏ အိမ်သို့ အလည်သွားပါသည်။ ဇော်မျိုး၏စာကြည့်စားပွဲနံရံတွင် အံ့သြဝမ်းသာစရာတစ်ခုကို တွေ့ရှိရပါသည်။ ဇော်မျိုး၏ဖေဖေနှင့်မေမေသည် ကတ်ပြားပေါ်မှစာများကိုဖတ်၍ ကျေနပ်နေကြပါသည်။



ထိုကတ်ပြားပေါ်တွင် ကိုယ့်အားကိုယ်ကိုး၍ လုပ်ဆောင်မည့်အလုပ်များဟူ၍ ရေးသားထားပါသည်။ လက်တွေ့တွင်လည်း ရေးသားထားသည့်အတိုင်း လုပ်ဆောင်ပါသည်။ ထိုအချိန်မှစ၍ ဇော်မျိုးသည် မိမိကိုယ်ကို ယုံကြည်ပြီး ကိုယ့်အား ကိုယ်ကိုးတတ်သူတစ်ဦး ဖြစ်လာပါသည်။

ရုပ်ပုံများကို လေ့လာပြီး ဖြစ်ရပ်များကို ဆွေးနွေးပါ။

### ဖြစ်ရပ်(၁)



အဘွားအိုတစ်ဦးသည် အဖော်မပါဘဲ လမ်းပေါ်တွင် ဘယ်ကိုသွားရမည်မှန်းမသိ ဖြစ်နေဟန်တူသည်။ ထို့ကြောင့် မောင်ထွေးသည် အဘွားအိုအား မည်သို့ကူညီပေးရမည်ကို မေးနေပါသည်။ သင်သာဆိုလျှင် မည်သို့ ပြုလုပ်ပေးမည်နည်း။

### ဖြစ်ရပ်(၂)



နေလှန်းထားသော အဝတ်များရုပ်နေသော ညီမလေးကို မမက ဘယ်သူရုပ်ခိုင်းလို့လဲဟု မေးပါသည်။ မည်သူမျှ မခိုင်းဘဲ အဝတ်များခြောက်သွေ့နေပြီဖြစ်၍ ရုပ်ရခြင်းဖြစ်ကြောင်း ညီမလေးက ပြောပြသည်။ သင်သာ ညီမလေးဆိုလျှင် ထိုသို့ ပြုလုပ်ပါမည်လား။

### ဖြစ်ရပ်(၃)



လူကြီးမိဘများ မအားလပ်၍ သင့်အား ဘာမှ မပြင်ဆင်ပေးနိုင်သောအခါ ကျောင်းသွားရန်အတွက် သင်မည်သို့ ပြင်ဆင်ဆောင်ရွက်မည်နည်း။ မည်သည်တို့ကို ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်မည်နည်း။

DBE BOX

## အခန်း(၁၁)

ရုပ်ပုံများကိုလေ့လာပြီး ဇယားတွင် ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်ခဲ့သည်ကို ဖြည့်စွက်ဖော်ပြပါ။

ပုံ-၁



ပုံ-၂



ပုံ-၃



| နေရာ | လုပ်ဆောင်ချက် |
|---|---|
| ကျောင်းမှာ | |
| အိမ်မှာ | |
| ရပ်ကွက်ကျေးရွာထဲမှာ | |

**မေးခွန်း**

၁။ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းများကို ကိုယ်တိုင်လုပ်ဆောင်ခြင်းသည် ကိုယ့်အားကိုယ်ကိုးခြင်းဟု သင်ယူဆပါသလား။ အဘယ်ကြောင့်နည်း။

၂။ ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်သင့်ပါသလား။ အဘယ်ကြောင့်နည်း။

၃။ ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်နိုင်သည့် အရာများကို ပြောပြပါ။



# သင်ခန်းစာ (၁၂) တာဝန်သိ၍ တာဝန်ယူတတ်သူ


လူမှုဝန်ထမ်းစိတ်ရှိသူတစ်ယောက်ဖြစ်ရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- သင်တို့မိသားစုတွင် မည်သူက တာဝန်သိတတ်သူ ဖြစ်သည်ဟု သင်ထင်ပါသနည်း၊ အဘယ်ကြောင့်နည်း။
- သင်တို့အတန်းထဲတွင် မည်သူက တာဝန်သိတတ်သူ ဖြစ်သည် ဟု သင်ထင်ပါသနည်း၊ အဘယ်ကြောင့်နည်း။
- သင်တို့ရပ်ကွက်ထဲတွင် မည်သူက တာဝန်သိတတ်သူဖြစ်သည် ဟု သင်ထင်ပါသနည်း၊ အဘယ်ကြောင့်နည်း။

အောက်ပါရုပ်ပုံများကိုလေ့လာပြီး ပေးထားသောမေးခွန်းများကို ဖြေဆိုပါ။

ပုံ-၁



သင်သည် ကျောင်းတွင် အသင်းတာဝန်ကျသည် ဖြစ်စေ တာဝန်မကျသည်ဖြစ်စေ သင်ပုန်းကို အမြဲ သန့်စင်ပေးသူတစ်ဦး ဖြစ်ပါသလား။ အဘယ် ကြောင့်နည်း။

ပုံ-၂



ကျောင်းရှေ့၊ အိမ်ရှေ့ လမ်းပေါ်ရှိ ချိုင့်ခွက်ကို မည်သူကမျှ တာဝန်မပေးဘဲ မြေဖို့ပြုပြင်ခဲ့ဖူးပါ သလား၊ အဘယ်ကြောင့်နည်း။

ပုံ-၃



လမ်းပေါ်တွင်မိမိကြောင့် လမ်းသွား လမ်းလာ များကို အနှောင့်အယှက် မဖြစ်စေရန်နှင့် မိမိ ကိုယ်ကို ကာကွယ်စောင့်ရှောက်၍ သွားလာလေ့ ရှိသလား။



DREBOX

# တာဝန်သိ၍ တာဝန်ယူတတ်သူ



စောဗျားရယ်သည် မီးရထားဘူတာနှင့်တစ်မိုင်ခန့်ဝေးသော အမက ကျောင်းတစ်ကျောင်းမှ ကျောင်းသားတစ်ဦးဖြစ်သည်။ ကျောင်းသွားတိုင်း တောင်အောက်ရှိ မီးရထားသံလမ်းကို ကျော်ဖြတ်၍ သွားရသည်။ တစ်နေ့တွင် ကျောင်းသန့်ရှင်းရေးတာဝန်ကျသဖြင့် ကျောင်းသို့ စောစောလာခဲ့သည်။ မီးရထားသံလမ်းပြိုင် နှစ်ခုအနားသို့ရောက်စဉ် သံလမ်းပေါ်တွင် တောင်ပေါ်မှပြိုကျလာသော သစ်ပင်ကြီးတစ်ပင် ပိနေသည်ကို တွေ့ရသည်။



မီးရထားပုံမှန်ဝင်နေကျအချိန်က လိုနေသေးသည်။ ထို့ကြောင့် မိမိ၏ရွာသို့ အပြေး သွား၍ ကျေးရွာအုပ်ချုပ်ရေးမှူးကို အကျိုးအကြောင်းပြောပြရန် ဆုံးဖြတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သံလမ်းပေါ်သစ်ပင်ကြီး ပြိုလဲကျနေသည်ကို မီးရထားမောင်းသူ သိအောင် အမြန်ဆုံးလုပ်ရမည်ဖြစ်သည်။ တောင်ကွေ့တွင်ရှိသော သစ်ပင်ကြီး လဲကျနေ သည်ကို မီးရထားမောင်းသူ ရုတ်တရက်မမြင်နိုင်ပါ။ အချိန်မှီဖြင့်ဝင်တိုက်မိလျှင် မီးရထား ပေါ်ရှိ ခရီးသည်အားလုံး ဒုက္ခရောက်ကုန်တော့မည်။



စောဗျားရယ်သည် နာရီဝက်ခန့်ကြာအောင် အပြေးသွား၍ ကျေးရွာအုပ်ချုပ်ရေးမှူးကို အကျိုးအကြောင်းပြောပြခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ရွာသားများကို အမြန်စုစည်းပြီး ထိုသစ်ပင်ကြီးကို သံလမ်းပေါ်မှ ဖယ်ရှားခဲ့ရသည်။ ထို့ပြင် စောဗျားရယ်၏ လူမှုဝန်ထမ်းစိတ်ဖြင့် တာဝန်သိတတ်စွာ လုပ်ဆောင်ချက်ကို မီးရထားဌာနနှင့် ကျောင်းအုပ်ကြီးတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားခဲ့သည်။ စောဗျားရယ်၏တာဝန်သိတတ်မှုကြောင့် မီးရထားမောင်းသူနှင့် ခရီးသည်များအားလုံး အခက်အခဲမှ လွတ်မြောက်ခဲ့ရသည်။ တာဝန်သိသော စောဗျားရယ်ကို ကျောင်းတွင်အခမ်းအနားဖြင့် သက်ဆိုင်ရာက ဂုဏ်ပြုခဲ့သည်။



## အခန်း(၁၂)

စောဗျားရယ်၏အကြောင်းအရာကို အောက်ပါဇယားတွင်ဖြည့်စွက်ပါ။

| **တာဝန်သိတတ်မှု** | **တာဝန်ယူဆောင်ရွက်မှုများ** |
|---|---|
| | |

သင်၏အကြောင်းအရာကို အောက်ပါဇယားတွင်ဖြည့်စွက်ပါ။

| **တာဝန်သိတတ်မှု** | **တာဝန်ယူဆောင်ရွက်မှုများ** |
|---|---|
| | |

မိမိပတ်ဝန်းကျင်ရှိ တာဝန်သိ၍တာဝန်ယူတတ်သူများထံက မည်သို့ တာဝန်ယူလုပ်ဆောင်ခဲ့ကြောင်းကို လေ့လာကြပါမည်။

DBE Box

အောက်ပါအခြေအနေများနှင့် တွေကြုံရပါက မည်သို့ပြုလုပ်မည်ကို အကြောင်းပြချက်နှင့်တကွ အုပ်စုအလိုက်ဆွေးနွေး၍တင်ပြပါ။

တို့အဖွဲ့ရဲ့ခေါင်းစဉ်ကတော့ ကျောင်းမှာ သန့်စင်ခန်း ညစ်ပတ်နေတာတွေ့ရင် ဘာလုပ်မလဲ





တို့အဖွဲ့ရဲ့ခေါင်းစဉ်ကတော့ လမ်းလျှောက်တတ်ခါစ ကလေးတစ်ယောက် လမ်းမပေါ်ရောက်နေတာ တွေ့ရင် ဘာလုပ်မလဲ

တို့အဖွဲ့ရဲ့ခေါင်းစဉ် ကတော့ ဘေးအိမ်က မီးလောင်နေတာကို တွေ့ရင်ဘာလုပ်ကြမလဲ





တို့အဖွဲ့ရဲ့ခေါင်းစဉ်ကတော့ ရေကြီးရေလျှံတာ တွေ့ရင် ဘာလုပ်မလဲ

**မေးခွန်း**

၁။ တာဝန်သိတတ်သူတစ်ဦးဖြစ်သည်ဟု သင့်ကိုယ်သင် ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ တာဝန်သိတတ်သော သူငယ်ချင်းတစ်ဦး၏ အကြောင်းကို ပြောပြပါ။

၃။ တာဝန်သိတတ်သူတစ်ဦးဖြစ်ရန် သင်မည်သို့ ပြုမူနေထိုင်ရမည်နည်း။



DBE BOX

# သင်ခန်းစာ (၁၃) စည်းလုံးချစ်ကြည် နေကြမည်

တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေထိုင်တတ်ရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- အတန်းထဲရှိ သူငယ်ချင်းအချင်းချင်းတွင် မတူကွဲပြားမှုများ ရှိတတ်ပါသလား။ မည်သည်တို့နည်း။
- မတူကွဲပြားသည့် သူငယ်ချင်းများထံမှ သင်ကြိုက်နှစ်သက်သော အချက်ကို ပြောပြပါ။
- ချစ်ခင်စည်းလုံးမှုရှိသော စာသင်ခန်းတွင် သူငယ်ချင်းအချင်းချင်း မည်သို့ပြုမူပြောဆိုလေ့ရှိသနည်း။

ရုပ်ပုံများကို လေ့လာပြီးနောက် မည်သည့်အပြုအမူများသည် ချစ်ခင်စည်းလုံးစွာ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရေးအတွက် ကောင်းမွန်သနည်း။


ပုံ-၁



ပုံ-၂



ပုံ-၃



ပုံ-၄



# ပေါင်းစည်းခြင်း၏ ရလဒ်

ရှေးအခါက ယုန်ကလေးများနေသောရွာနှင့် ခွေးကလေးများနေသောရွာဟူ၍ ရွာကြီး နှစ်ရွာရှိပါသည်။ တစ်ရွာနှင့်တစ်ရွာ သိပ်မဝေးသော်လည်း ရွာသူရွာသားအချင်းချင်း မခေါ် မပြောကြဘဲ အပေါင်းအသင်းမလုပ်ကြပါ။




ခွေးကလေးများ၏ ရွာသူကြီးဦးနက်ကျားက "ရွာသူရွာသားတို့ ယုန်တွေကို အခေါ် အပြောမလုပ်ကြနဲ့ကွဲ့၊ သူတို့နဲ့ ငါတို့ဟာ အသွေးအရောင်ချင်းလဲ မတူဘူး၊ စားသောက်နေထိုင်တာရော မတူဘူး၊ ကိုယ်နဲ့ အစစအရာရာ မတူတဲ့သူကို ဘာမှ ဆက်ဆံပြောဆိုစရာ မလိုဘူး" ဟု မှာကြားထားပါသည်။ ယုန်ကလေးများ၏ ရွာသူကြီးဒေါ်သူတော်ကလည်း "အဲဒီ ခွေးတွေဟာ ညစ်ပတ်တယ်၊ သူတို့က ငါတို့လိုသန့်ရှင်းတဲ့အရောင်မရှိဘူး၊ သူတို့နဲ့ မခေါ်ရဘူး" ဟု အမိန့်ထုတ်ထားပါသည်။





တစ်နေ့တွင် ခွေးကလေးများသည် မကြာခဏ နေမကောင်း ဖြစ်ကြပါသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို မည်သူမျှ မသိကြပါ။ ထို့အတူ ယုန်ကလေးများ၏ ရွာတွင်လည်း ခြောက်သွေ့ပူပြင်းလာကာ အသက်ကြီးသောယုန်များသည် မကြာခဏ နေထိုင်မကောင်း ဖြစ်ကြပါသည်။

ရွာနှစ်ရွာ၏ခေါင်းဆောင်များသည် တောအုပ်ထဲတွင်ရှိသော ပညာရှိခြင်္သေ့ထံ သွားရောက်မေးမြန်းကြလေသည်။ ပညာရှိခြင်္သေ့ကြီးလည်း အဖြေရှာဖွေရန် ရွာသို့ လိုက်လာပါသည်။





ခွေးရွာသို့ ရောက်သောအခါ အမှိုက်နှင့် စားကြွင်းစားကျန်များဖြင့် နေရာအနှံ့ ညစ်ပတ်ပေရေနေသည်ကို ပညာရှိခြင်္သေ့ကြီး တွေ့ရပါသည်။ ယုန်ရွာသို့ရောက်သောအခါ သစ်ပင်ကြီးကြီးမားမား မရှိဘဲ မုန်လာဥစိုက်ထားသော လယ်ကွင်းများကို တွေ့ရပါသည်။ ယုန်ရွာတွင်လည်း ယင်ကောင်အများကြီး တွေ့ရပါသည်။

နောက်တစ်နေ့တွင် ပညာရှိခြင်္သေ့မင်းသည် ယုန်ကလေးများနှင့် ခွေးကလေးများကို ခေါ်တွေ့ပြီး " ဒီလို နေမကောင်းဖြစ်နေတာဟာ အမှိုက်နဲ့စားကြွင်းစားကျန်တွေကို စည်းကမ်းမဲ့ စွန့်ပစ်ကြလို့ဖြစ်တယ်၊ သစ်ပင်ကြီးတွေကို ခုတ်ယူသုံးစွဲကြလို့ သစ်ပင်တွေ မစိုက်ပျိုးကြလို့ ပူပြင်းလာတာဖြစ်တယ်၊ ဒါကြောင့် သန့်ရှင်းကျန်းမာဖို့၊ စိမ်းလန်းစိုပြည်ဖို့ အားလုံးပူးပေါင်း လုပ်ဆောင်ကြ ရမယ်၊ ဒါမှ အချိန်တိုအတွင်း ရလဒ်ကောင်းရနိုင်မှာ" ဟု ပြောကြားပါသည်။ ယုန်ကလေးနှင့် ခွေးကလေးများလည်း ပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူကြသည်။ နောက်တစ်နေ့တွင် ယုန်ကလေးများနှင့် ခွေးကလေးများသည် စုပေါင်းအမှိုက်ကောက်ပြီး သစ်ပင်စိုက်ပျိုး ကြပါသည်။ နှစ်အနည်းငယ်ကြာပြီးနောက် ပညာရှိခြင်္သေ့ကြီး လာလည်သောအခါ စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာလှပသည့် ရွာကြီးနှစ်ရွာကို တွေ့ရပါတော့သည်။



## အခန်း(၁၃)

ရုပ်ပုံတွင်ပါရှိသော မေးခွန်းများကိုဖြေဆိုပြီး ကတိပေးနိုင်သည်ဆိုလျှင် မည်သို့ ဆောင်ရွက်မည်ကို ဆွေးနွေးတင်ပြပါ။

**ဖြစ်ရပ်(၁)**



မတူကွဲပြားသူများကို လေးလေးစားစား ပြုမူမည်ဟု သင် ကတိပြုနိုင်သလား။

**ဖြစ်ရပ်(၂)**



မတူကွဲပြားသူများကို ချစ်ခင်ကြင်နာစွာ ပြုမူပြောဆိုမည်ဟု သင် ကတိပြုနိုင်သလား။

**ဖြစ်ရပ်(၃)**



မိမိပတ်ဝန်းကျင်ကို သာယာလှပရန် ပြုလုပ်မည်ဟု သင် ကတိပြုနိုင်သလား။

**ဖြစ်ရပ်(၄)**



သူငယ်ချင်းများနှင့် ငြိမ်းချမ်းစွာ ဆွေးနွေး ညှိနှိုင်းမည်ဟု သင် ကတိပြုနိုင်သလား။

အဖွဲ့လိုက် ဆောင်ရွက်မည့်နည်းလမ်းများကို အခြေခံ၍ ငြိမ်းချမ်းရေးပိုစတာပြုလုပ်ပါ။

ငြိမ်းချမ်းရေးပိုစတာ

# သင်ခန်းစာ (၁၄) သင့်မြတ်ခြင်းသည်ပျော်စရာ

မိမိပတ်ဝန်းကျင်ရှိ မတူညီသောသူများနှင့် မည်သို့ပေါင်းသင်းဆက်ဆံနေထိုင်ရမည်ကို သိရှိစေရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- ➢ အများနှင့်မည်သို့ ပေါင်းသင်းဆက်ဆံနေထိုင်သင့်သနည်း။
- ➢ အများနှင့် ပေါင်းသင်းဆက်ဆံရာတွင် မည်သည့်အချက်များကို လိုက်နာရန် လိုအပ်သနည်း။
- ➢ မည်သည့်အချက်များကို ရှောင်ကြဉ်ရမည်နည်း။

ကဗျာရွတ်ဆိုပြီး ဆွေးနွေးကြပါမည်။

## သွေးချင်းတို့၏ ကပွဲသဘင်

ကချင်မလေး ယဉ်ပါပေ မနောကလို့နေ၊
ကယားလေးတွေ ဖားစည်အက ရင်သပ်ရှုမောရ။
ဒုံးယိမ်းကတဲ့ ကိုကရင် ညီညာသွက်လက် မြူးပျော်ရွှင်၊
ချင်းတို့တီထွင် ဝါးညှပ်အက မြတ်နိုးဖွယ်ပေပ။
ရွှေရိုးကတဲ့ ကိုဗမာ ဒိုးပတ်သံသာယာ၊
မွန်ပျိုကညာ ယဉ်စစ ဟင်္သာလေးလိုက။
ရှမ်းမလေးများ ချစ်စရာ ကကြိုးကိန္နရာ၊
ရခိုင်ရိုးရာ သျှင်ဒိုင်အက မြင်သော် ရှုမဝ။
ကကြိုးစုံတဲ့ တို့မြန်ပြည် ပန်းတိုင်းပွင့်ဝေစည်၊
သွေးရင်းပီပီ ညီညွတ်မှု ပင်လုံသက်သေပြု။



**မောင်ငယ်(ကျောက်ဆောင်စမ်း)**

DBE BOX

# သင့်မြတ်ချစ်ခင် တို့ပျော်ရွှင်




ရှေးအခါကငှက်များသည် အုပ်စုလိုက်မနေဘဲ တစ်ကောင်နဲ့ တစ်ကောင် သီးခြားစီနေထိုင်ကြသည်။ ထိုသို့ နေရသည်ကို မနှစ်သက်သော ငှက်ကလေးနှစ်ကောင် ရှိပါသည်။ ထိုငှက်ကလေးနှစ်ကောင်မှာ ကျီးနှင့် ဘုတ် ဖြစ်ပါသည်။

တစ်နေ့တွင် ဘုတ်ငှက်ကလေးက "အဆွေကျီးရာ ကျုပ်တစ်ကောင်တည်းနေရတာ သိပ်ပျင်းတာပဲ၊ မင်းနဲ့ အဖော်လုပ်ပြီး နေကြရအောင်"ဟု ပြောလာသောအခါ ကျီးငှက်မှာ အလွန်ဝမ်းသာသွားပါသည်။ ကျီးငှက်က "ကောင်းတာပေါ့ အဆွေဘုတ်ရာ သင့်ကိုလဲ ကျုပ်က လေးလေးစားစားနေပါ့မယ်" ဟု ကတိပြုသည့်အခါ" မိတ်ဆွေကျီး သင့်ကို ကျုပ်ကလဲ တန်ဖိုးထားနေပါ့မယ်"ဟု ဘုတ်ငှက်က ပြန်လည် ကတိပေးလိုက်ပါသည်။

ထိုနေ့မှစ၍ ကျီးနှင့်ဘုတ်တို့သည် အစာ အတူရှာပြီး ဝေမျှစားကြသည်။ အတူတူ ကစားကြပါသည်။ ထိုအဖြစ်အပျက်အား အခြားငှက်များက အထူးအဆန်း ဖြစ်နေကြလေသည်။ ထိုငှက်နှစ်ကောင်ကား အမျိုးမတူဘဲ အဘယ်ကြောင့် အတူနေကြသနည်းဟု မေးကြလေသည်။ ကျီးငှက်က "ဘုတ်ဟာ ငါ့ရဲ့ သူငယ်ချင်းလေ ဒါကြောင့် အတူနေ တာပေါ့" ဟုဆိုသည်။ ဘုတ်ငှက်ကလဲ "သူငယ်ချင်း ဆိုတာ တစ်ကောင်နဲ့တစ်ကောင် ကူညီပြီး လေးလေးစားစား နေသင့်တာ" တစ်ကောင်နဲ့ တစ်ကောင် အဆင်မပြေတော့ ပျော်စရာ မကောင်းတော့ဘူးလေ။ ကိုယ့်ကိုလဲဘယ်တော့မှ ရန်ပြုမှာလဲလို့ စိုးရိမ်ပူပန် နေရတာပေါ့။



သူငယ်ချင်းဆိုတာ အမြဲတမ်း အတူတူ ကစားကြရရင် ပျော်စရာ ကောင်းတာပေါ့။ ငှက်တွေအားလုံးသာ သူငယ်ချင်းတွေ ဖြစ်ရင် ပိုပြီး ပျော်စရာ ကောင်းမှာပဲလို့ ဆိုလိုက်သတဲ့။" ထိုအချိန်မှစ၍ အခြားသော ငှက်များသည် ကျီးနှင့် ဘုတ် ကဲ့သို့ချစ်ချစ်ခင်ခင်နေထိုင် သွားကြလေတော့သည်။



## အခန်း(၁၄)

ဖော်ပြထားသောအချက်များမှ ကိုယ်တိုင်လုပ်ဆောင်မည့်အချက်ကို ရွေးချယ်၍ အဘယ်ကြောင့် ထိုအချက်ကို ရွေးချယ်ကြောင်း ရှင်းပြပါ။

**အများနှင့်ပူးပေါင်းဆောင်ရွက်သောအခါ**

(၁) မိမိသဘောအတိုင်း လုပ်ဆောင်မည်။ (　　)

(၂) အများနှင့်ညှိနှိုင်းတိုင်ပင် လုပ်ဆောင်မည်။ (　　)

**အများနှင့် ပြောဆိုဆွေးနွေးသောအခါ**

(၁) မိမိသဘောဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောပြမည်။ (　　)

(၂) မိမိသဘောဆန္ဒကို ဖွင့်မပြောပြဘဲ မျိုသိပ်ထားမည်။ (　　)

**အများနှင့် ညှိနှိုင်း ဆုံးဖြတ်သောအခါ**

(၁) အားလုံး၏ သဘောဆန္ဒကို လေးလေးစားစား နားထောင်ပေးမည်။ (　　)

(၂) မိမိနှင့် ခင်မင်ရင်းနှီးသူအချို့၏သဘောဆန္ဒကိုသာ နားထောင်ပေးမည်။ (　　)

ထိုအချက်များအပြင်မည်သည့်အချက်များကို လိုက်နာလုပ်ဆောင်မည်နည်း။

________________________________________

________________________________________

________________________________________

မည်သည့်အချက်များကို ရှောင်ကြဉ်မည်နည်း။ ရှောင်ကြဉ်ရမည့်အချက်များကို ရေးသား ဖော်ပြပါ။

________________________________________

________________________________________


________________________________________

DBE BOX

## အခန်း(၁၄)

အများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုကို စဉ်းစားပါ။

- အများနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်သည့်အခါ မည်သည့်အချက်များကို လိုက်နာကြမည်နည်း။
- ရရှိလာသောအချက်များကို အသုံးပြု၍ ပိုစတာတစ်ခု ပြုလုပ်ပါ။




**မေးခွန်း**

၁။ အများနှင့် ချစ်ခင်ရင်းနှီးမှုရှိစေရန် မည်သို့ပြုမူနေထိုင်ကြရမည်နည်း။

၂။ ထိုသို့ဆက်ဆံနေထိုင်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိလာမည်နည်း။

၃။ အများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ လိုက်နာရမည့် အဓိကကျသောအချက်များကို ဖော်ပြပါ။



# သင်ခန်းစာ (၁၅) ထိန်းသိမ်းကြပါ မြေကမ္ဘာ


သဘာဝအလှအပများကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- သင့်ပတ်ဝန်းကျင်တွင်ရှိသော သဘာဝအတိုင်းလှနေသည့် မြင်ကွင်းများကို ပြောပြပါ။
- သဘာဝအလှအပရှုခင်းများကို တွေ့သောအခါ သင်မည်သို့ ခံစားရပါသနည်း။
- သဘာဝအလှအပများနှင့် လူတို့တီထွင်ဖန်တီးသော အလှအပများ မည်သို့ကွာခြားသနည်း။

အောက်ပါရုပ်ပုံများကိုလေ့လာပြီး မည်သည့်ပုံများသည် သဘာဝအလှအပများဖြစ်ပြီး မည်သည့်ပုံများသည် လူတို့တီထွင်ဖန်တီးသော အလှအပများဖြစ်သနည်း။


ပုံ-၁




ပုံ-၂




ပုံ-၃



ပုံ-၄




ပုံ-၅




ပုံ-၆




ပုံ-၇



ပုံ-၈



ပုံ-၉





DREBOX

# ဥတုရာသီ တောကိုမှီ

ဖိုးထူးနေထိုင်သောရွာတွင် စမ်းချောင်းလေးတစ်ခု ရှိပါသည်။ စမ်းချောင်းနံဘေးတွင် စိမ်းစိုနေသော တောအုပ်ရှိပါသည်။ နွေရာသီ ပူပြင်းခြောက်သွေ့သည့်ကာလမှာပင် ရေမပြတ်သော စမ်းချောင်းလေးကြောင့် စိုက်ပျိုးခင်းများအတွက် ရေအလုံအလောက် ရရှိပါသည်။ ကျေးငှက်တိရစ္ဆာန်များလည်း နားခိုနိုင်ပါသည်။ စမ်းချောင်းနံဘေးရှိ တောအုပ်အတွင်းတွင် ငှက်ကလေးများ၏ အော်မြည်သံ၊ ကလေးငယ်များ၏ ပြေးလွှား ပျော်ပါး ကစားဟန်များနှင့် သာယာလှပါသည်။

ဖိုးထူးနှင့် ရွာသူရွာသားအားလုံးသည် သဘာဝကပေးထားသော ထိုအလှအပများကို အမြဲရှိနေစေချင်ပါသည်။





အထက်အညာရှိ ဖိုးထူး၏ဆွေမျိုးများ နေထိုင်သောရွာတွင် မိုးခေါင်ရေရှားသောကြောင့် အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း ကြားသိနေရပါသည်။



သစ်ပင် သစ်တောများ မရှိခြင်းကြောင့် အပူဒဏ်မှာ ပြင်းလွန်းပါသည်။ တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ရွာသူရွာသားများ ဒုက္ခရောက်ကြရပါသည်။ မိုးခေါင်သဖြင့် သောက်သုံးရေ ရရှိရေးအတွက် အခြားမြို့ရွာများမှ အကူအညီ တောင်းခံရပါသည်။ စိုက်ပျိုးရေးအတွက် မိုးကို မျှော်ကြရပါသည်။



DBBox



ဖိုးထူးသည် ကျောင်းအုပ်ဆရာကြီး မှာကြားလေ့ရှိသောစကားကို အမှတ်ရမိပါသည်။ သက်ရှိများ ရှင်သန်ရပ်တည်ရန်အတွက် ရေ၊ လေ၊ နေနှင့် ကမ္ဘာမြေကြီးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ရာသီဥတုမျှတရန်နှင့် မြေဆီလွှာကို ထိန်းသိမ်းရန်အတွက် သစ်ပင်သစ်တောများသည် အထူးအရေးကြီးကြောင်း၊ သစ်ပင်သစ်တောများ မရှိခြင်းကြောင့် ပူပြင်းသောရာသီဥတုနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာလျှင် ကမ္ဘာမြေကြီးတွင် မည်ကဲ့သို့ဖြစ်ပေါ်လာနိုင်သည်ကို လူတိုင်းလူတိုင်းက ကြိုတင်တွက်ဆ သတိပြုရန်လိုအပ်ကြောင်း၊ ကမ္ဘာမြေကြီးကို ကာကွယ်စောင့်ရှောက်ရန် အားလုံးတွင် တာဝန်ရှိကြောင်း မှာကြားလေ့ရှိပါသည်။



# အခန်း(၁၅)

သဘာဝအရင်းအမြစ်တစ်ခုချင်းစီ၏ အရေးကြီးပုံကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆွေးနွေးတင်ပြပါ။

**ရေအရင်းအမြစ်**



**သစ်ပင်သစ်တောအရင်းအမြစ်**



**မြေအရင်းအမြစ်**



နေ့စဉ် နေထိုင်မှုတွင် သဘာဝအရင်းအမြစ်များကို တန်ဖိုးထားရန် သတိမမူမိသည့်အပြုအမူများကို ပြန်လည်သုံးသပ်၍ မည်ကဲ့သို့ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း ဆွေးနွေး၍ တင်ပြပါ။

| တန်ဖိုးမထားသော အပြုအမူ | တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်မည့် နည်းလမ်း |
| --- | --- |
| | |
| | |
| | |
| | |

# သင်ခန်းစာ (၁၆) သဘာဝဝန်းကျင် ထိန်းစေချင်


သဘာဝအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်တတ်ရန် ဤသင်ခန်းစာကို လေ့လာကြမည်။



- နေ့စဉ် အသုံးပြုနေသော သဘာဝအရင်းအမြစ်များကို ဖော်ပြပါ။
- နေ့စဉ် အသုံးပြုနေသည့် သဘာဝအရင်းအမြစ်များသည် ကုန်ဆုံးသွားနိုင်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
- သဘာဝအရင်းအမြစ်များကို လိုအပ်သည့်ပမာဏအတိုင်း အမြဲရရှိနိုင်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

အောက်ပါရုပ်ပုံများကို ကြည့်ရှုလေ့လာပြီးနောက် သဘာဝအရင်းအမြစ်များကို မဆင်မခြင် သုံးစွဲလျှင် မည်သို့ဖြစ်လာနိုင်သနည်း။

ပုံ-၁




ပုံ-၂



ပုံ-၃



ပုံ-၄



# နှောင်ရေးအေးဖို့ သတိပြုစို့


နွေရာသီ၏အပူဒဏ်ကို လူအများ မခံစားလိုကြပေ။ လေပြည်အေးကို တောင့်တမျှော်လင့်လေ့ရှိကြသည်။ ထိုအချိန်တွင် အဘယ်ကြောင့် ပိုမိုပူပြင်းနေရသည်ကို စဉ်းစားအဖြေရှာရန်လည်း မေ့လျော့နေတတ်ကြသည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်းသည် လူတို့နှင့် သက်ဆိုင်သည်ဟုဆိုလျှင် သင်လက်ခံပါသလား။



ထင်ရှားသောသာဓကမှာ လူတို့၏ နေထိုင်မှုပုံစံဖြစ်သည်။ လူတို့သည် တစ်ခါသုံးပစ္စည်းများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာကြသည်။ သုံးစွဲပြီးအမှိုက်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ကြသည်။ ထို့ကြောင့် နေရာအနှံ့အပြားတွင် စွန့်ပစ်ပစ္စည်းများပျံ့နှံ့လျက်ရှိသည်။



မြေကြီးထဲတွင် ရောက်ရှိနေသည့် အလွယ်တကူမဆွေးမြည့်သော အမှိုက်များကြောင့် သစ်ပင်များ၏ ရှင်သန်ကြီးထွားမှုကို အဟန့်အတား ဖြစ်စေသည်။ မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းပေးသည့် ပိုးမွှားများကို သေကြေပျက်စီးစေသည်။ ထိုမှတစ်ဆင့် သစ်ပင်သစ်တောများ ရှားပါးမှုနှင့် မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ မြေဆီလွှာများ ပျက်စီးဆုံးရှုံး၍ သစ်ပင်သစ်တောများမရှိလျှင် လူတို့၏နှောင်ရေးကို စိတ်အေးရမည်မဟုတ်ဟု စဉ်းစားဆင်ခြင်သင့်ပါသည်။



လူတို့သည် အမှိုက်များကို ရေထဲသို့ စွန့်ပစ်ကြသောကြောင့် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လာသည်။ ရေနေသတ္တဝါများသည် ရေထဲမှ အမှိုက်များကို အစာထင်မှတ်၍ စားသုံးမိသောကြောင့်အသက်ဆုံးရှုံးရသည်။

လူတို့သည် နေ့စဉ်ဘဝအတွက် လိုအပ်သောပစ္စည်းများကို စက်ရုံများမှ အမြောက်အမြားထုတ်လုပ် သုံးစွဲကြသည်။ အချို့သောစက်ရုံများမှ ထွက်သည့်မီးခိုးငွေ့များနှင့် စွန့်ပစ်အမှိုက်များသည် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးစေပါသည်။ ထိုသာဓကများကို သေချာစွာဆန်းစစ်ကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို သတိပြုကာကွယ်စောင့်ရှောက်ရန်ကျွန်ုပ်တို့ အားလုံးတွင် တာဝန်ရှိပါသည်။



အောက်ပါရုပ်ပုံများကို ကြည့်ရှုလေ့လာပြီးနောက် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် သင်မည်သို့ အကြံပြုလိုပါသနည်း။

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ။**




သဘာဝအရင်းအမြစ်များမှ ထုတ်ယူရရှိသော လျှပ်စစ်မီးကို မည်သို့သုံးစွဲသင့်သနည်း။ အဘယ်ကြောင့်နည်း။

**ရေကို လိုအပ်သလောက်သာ သုံးစွဲပါ။**




သဘာဝအရင်းအမြစ်များကို မဆင်မခြင် လိုအပ်သည်ထက် ပိုမိုအသုံးပြုကြလျှင် မည်သည့် ဆိုးကျိုးများကို ဖြစ်စေသနည်း။

သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အကြံပြုချက်များ ပါဝင်သော ပိုစတာတစ်စောင် ပြုလုပ်ပါ။

DBE BOX

အောက်ပါတို့ကို ဆွေးနွေးတိုင်ပင် အဖြေရှာပြီး ပြန်လည်တင်ပြပါ။

**ဖြစ်ရပ်(၁)**



သန့်ရှင်းသောရေအရင်းအမြစ် လျော့နည်းလာခြင်းကို သင်သတိပြုမိပါသလား။ အဘယ်ကြောင့်နည်း။ ထိုသို့ ဆက်လက်မဖြစ်ပေါ်စေရန် မည်သို့ပြုလုပ်သင့်သနည်း။

**ဖြစ်ရပ်(၂)**



ပလတ်စတစ်နှင့် အလွယ်တကူ မဆွေးမြည့်နိုင်သော အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းသည် မည်သည့်ဆိုးကျိုးများကို ဖြစ်စေသနည်း။ ထိုကဲ့သို့ မဖြစ်ပေါ်စေရန် မည်သို့ပြုလုပ်သင့်သနည်း။

**ဖြစ်ရပ်(၃)**



သစ်တော၊ သစ်ပင်များကို လိုအပ်သည်ထက် ပိုမိုခုတ်လှဲ အသုံးပြုခြင်းသည် မည်သည့် ဆိုးကျိုးကို ဖြစ်စေသနည်း။ ထိုကဲ့သို့ မဖြစ်ပေါ်စေရန် မည်သို့ပြုလုပ်သင့်သနည်း။


**မေးခွန်း**

၁။ သဘာဝအရင်းအမြစ်များကို မည်သည့်နေရာမှ ရရှိနိုင်သနည်း။
၂။ ကမ္ဘာကြီးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် မည်သူတို့မှာ တာဝန်ရှိသနည်း။
၃။ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုက်နာရမည့် အချက်များကို ဖော်ပြပါ။
၄။ သဘာဝအရင်းအမြစ်များ မပျက်စီးစေရန် မည်သို့ကာကွယ်စောင့်ရှောက်ကြမည်နည်း။



အခန်း(၁၇)

## အမှန်တရားကိုပြောပါမယ်




မောင်မောင်ဟာ ဂိမ်း(Game)ကစားရတာကို အလွန်နှစ်သက်ပါတယ်။ ကျောင်းဆင်းချိန် အိမ်ပြန်လမ်းကဂိမ်းဆိုင်မှာ တစ်ခါတစ်ခါ ဂိမ်းဝင်ကစားလေ့ရှိတယ်။ ဒါပေမဲ့ မောင်မောင်ဟာ နေ့စဉ် မုန့်မစားဘဲ စုထားမှ တစ်ခါတစ်ရံသာ ကစားနိုင်ပါတယ်။ ငွေလိုတာပေါ့ကွယ်။

တစ်နေ့မှာ မုန့်စားဆင်းချိန်မှာ မောင်မောင်ဟာ မုန့်ဝယ်မစားတဲ့အတွက် အတန်းထဲကို အစောကြီး ပြန်ဝင်လာတယ်။ ဒီအချိန်မှာ သော်သော်ရဲ့ခုံပေါ်မှာရှိတဲ့ ပေတံနဲ့ခဲတံတွေကို သော်သော်နဲ့မတည့်တဲ့ ခင်မက အတန်းဖော်တွေ မရှိတုန်း ဒေါသနဲ့ချွတ်ခနဲ ချွတ်ခနဲ ချိုးလိုက်တာကို မောင်မောင် မြင်လိုက်တယ်။

မောင်မောင်က "ဟော့. . . ဟော့ ခင်မ အဲဒီလိုမလုပ်နဲ့လေ"လို့ ပြောလိုက်တော့ ခင်မက "သော်သော့်ကို မုန်းလို့လုပ်တာပေါ့၊ မောင်မောင် နင်အတန်းထဲမှာ ပြန်မပြောရဘူးနော်၊ ပြန်ပြောရင် နင့်ကို ငါမခေါ်တော့ဘူး၊ ရော့ ငါ့မုန့်ဖိုး နင်ယူလိုက်၊ ပြန်မပြောရင် နင့်ကို မုန့်ဖိုး ပေးမယ်" ဆိုပြီး အတန်းပြင်ကို ပြေးထွက်သွားပါတယ်။



DBE Box



မုန့်စားကျောင်းပြန်တက်ချိန်မှာ. . .

ဆရာမက "သော်သော်ရဲ့ပေတံ၊ ခဲတံတွေကို ဘယ်သူချိုးလဲ ဘယ်သူ မြင်လိုက်လဲ"လို့ အတန်းသားများကို မေးတဲ့အချိန်မှာ မောင်မောင်ဟာ အမှန်ကို ပြောရမလား၊ လိမ်ညာပြီး ကျွန်တော် မသိဘူးလို့ ဖြေရမလား ဝေခွဲမရ ဖြစ်နေပါတော့တယ်။

ဆရာမက ဒီလိုပြောပါတယ်. . .

"ဒီအတန်းထဲမှာ သူများပစ္စည်းကို ဖျက်ဆီးတဲ့သူတစ်ယောက်ယောက်တော့ ရှိနေပြီ။ ဖျက်ဆီးမိတဲ့သူက ဝန်ခံဖို့ ဒါမှမဟုတ် မြင်တဲ့သူက ဆရာမကို သတင်းပေးဖို့ အချိန်တစ်ရက် ပေးမယ်။ အားလုံးရှေ့မှာ မပြောရဲရင် ဆရာမကို ရုံးခန်းမှာ လာပြောနိုင်တယ်။ ဘယ်သူလုပ်တယ် ဆိုတာ မပေါ်ရင် ဒီအတန်းက ရိုးသားမှုမရှိတဲ့အတန်းလို့ တစ်ကျောင်းလုံးက ထင်ကြမယ်။ ဒါကြောင့် မိမိအပြစ်ကို မိမိဝန်ခံတာဟာ ဖြောင့်မတ်တည်ကြည်တဲ့အပြုအမူဖြစ်တယ်"လို့. . . ပြောပါတယ်။

မောင်မောင်ဟာ ကျောင်းဆင်းတော့ အိမ်ကို စိတ်လေးလေးနဲ့ ပြန်လာခဲ့ပါတယ်။ ညရောက်တော့ ဖေဖေက "မောင်မောင် ဘာဖြစ်နေတာလဲ"လို့ ချော့ပြီးမေးတော့ နောက်ဆုံးမှာ ပြောပြလိုက်ပါတယ်။

## အခန်း(၁၇)



ဖေဖေက ပြောတယ်၊ “သား. . . ခင်မက သားကို မုန့်ဖိုးပေးတာဟာ သူလုပ်မိတဲ့အပြစ် ပေါ်သွားမှာစိုးလို့ ဖြစ်တယ်။ အဲဒါကို လာဘ်ထိုးတယ်လို့ခေါ်တယ်။ သားက ဆရာမကို အမှန်တိုင်း မပြောပြဘူးဆိုရင် ဆရာမက ခင်မရဲ့ စိတ်ဓာတ်၊ အကျင့်နဲ့အပြုအမူကို သွန်သင်ဆုံးမ ပြုပြင်ပေးနိုင်မှာ မဟုတ်တော့ဘူး။

ဒီလိုနဲ့ပဲ အပြစ်မရှိတဲ့ အခြားအတန်းဖော်တွေအားလုံးဟာ ခင်မရဲ့အပြစ်နဲ့ သားရဲ့ အမှန်အတိုင်း မပြောမှုတို့ကြောင့် သူလား၊ ငါလား သံသယဝင်တာခံစားရပြီး တစ်ယောက်ရဲ့ အပြစ်ကြောင့် အတန်းဖော်အားလုံးကို စိတ်ပင်ပန်း ထိခိုက်စေမှာ ဖြစ်တယ်။

ဒါကြောင့် သားက အမှန်တရားကို ပြောရဲရမယ်။ ကိုယ်မယူသင့်တဲ့ငွေကို မယူရဘူး။ ဖြောင့်မတ်တည်ကြည်တဲ့ ကလေးဖြစ်အောင် လုပ်ပါ သားရယ်”လို့ ပြောလိုက်ပါတယ်။

ကဲ. . . မောင်မောင် ဘာလုပ်မှာလဲ



DBE BOX